**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

## ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၆ /၂၀၂၅ )

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်

အကြောင်းအရာ။ **ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်ခနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် Myanmar Tradenet 2.0 စနစ်အပါအဝင် Online စနစ်အားလုံးတွင် ကောက်ခံလျက်ရှိသော ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်ခနှုန်းထားများအား ပြင်ဆင်ကောက်ခံခြင်းကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၅/၂၀၁၈)နှင့် (၁၈/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ အဆိုပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာများအရ ကောက်ခံလျက်ရှိသည့် ဝန်ဆောင်ခနှုန်းထားများနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာနှုန်းထားများအား အောက်ပါအတိုင်း ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသည်–

| **စဉ်** | **ခေါင်းစဉ်** | **ကောက်ခံသည့်နှုန်းထား** |
|---|---|---|
| (က) | Tradenet 2.0 စနစ်အသုံးပြုမှု နှစ်စဉ်ကြေး (Member Fee) | **၅၀,၀၀၀ ကျပ်** |
| ( ခ ) | Online ဝန်ဆောင်မှု (Online Application Fee) | **၁၀,၀၀၀ ကျပ်** |
| ( ဂ ) | ပို့ကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး | |
| | ( ၁ ) ပထမအကြိမ် သက်တမ်းတိုး ၂ လအတွက် | **၅၀,၀၀၀ ကျပ်** |
| | ( ၂ ) ဒုတိယအကြိမ် သက်တမ်းတိုး ၁ လအတွက် | **၃၀,၀၀၀ ကျပ်** |
| (ဃ) | သွင်းကုန်လိုင်စင်သက်တမ်းတိုးမြှင့်ကြေး | (လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့် ကုန်ပစ္စည်းများအပါအဝင်) |
| | ( ၁ ) ပထမအကြိမ် သက်တမ်းတိုး ၂ လအတွက် | **သွင်းကုန်လိုင်စင်ကြေးသတ်မှတ်နှုန်းအတိုင်း** |
| | ( ၂ ) ဒုတိယအကြိမ် သက်တမ်းတိုး ၁ လအတွက် | **သွင်းကုန်လိုင်စင်ကြေးသတ်မှတ်နှုန်းအတိုင်း** |

( င )  ပို့ကုန်သွင်းကုန်လိုင်စင်ပါအချက်များအား ပြင်ဆင်ပါက ပြင်ဆင်ချက် တစ်ချက်လျှင် **၁၀,၀၀၀ ကျပ်**

( စ )  ပို့ကုန်သွင်းကုန်လိုင်စင်အပ်နှံကြေး **၃၀,၀၀၀ ကျပ်**

(ဆ)  ပထမကြိမ်နှင့်ဒုတိယကြိမ် ပို့ကုန်လိုင်စင်/ပါမစ် သက်တမ်းတိုးခြင်း/ ပြင်ဆင်ခြင်း ဒဏ်ကြေး

(၁)  သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ (၁) လအတွင်း **၅,၀၀၀ ကျပ်**

(၂)  သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ (၁) လနှင့်အထက် **၁၀,၀၀၀ ကျပ်**

( ဇ )  ပထမကြိမ်နှင့်ဒုတိယကြိမ် သွင်းကုန်လိုင်စင်/ပါမစ် သက်တမ်းတိုးခြင်း/ ပြင်ဆင်ခြင်း/ အပ်နှံခြင်း ဒဏ်ကြေး

(၁)  သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ (၁) လအတွင်း **၅,၀၀၀ ကျပ်**

(၂)  သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ (၁) လနှင့်အထက် **၁၀,၀၀၀ ကျပ်**

၃။ လိုင်စင်အပ်နှံ၍ ပြန်လည်လျှောက်ထားခြင်းအတွက် သက်တမ်းကုန်ဆုံးပြီး ၁၄ ရက် ကျော်လွန်လျှောက်ထားမှုများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် လိုင်စင်ပြင်ဆင်ခွင့် လျှောက်ထားခြင်းများကို မြန်မာနိုင်ငံဆိပ်ကမ်းနှင့်လေဆိပ်တို့သို့ ရောက်ရှိမလာမီ ကြိုတင် တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်သို့ ပေးသွင်းရန်သတ်မှတ်ထားသည့် အပိုဒ် ၂ ပါ ဝန်ဆောင်ခနှုန်း ထားများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ ပေးသွင်းရန်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

၅။ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ (၅/၂၀၁၈)နှင့် (၁၈/၂၀၂၀)အား ဤ သတင်းလွှာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**